(၂၁-၈-၂၀၂၆) ရက်နေ့တွင်ဖြန့်ဝေသည်။

# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

# ဒသမနေ့အစီအစဉ်

# ၂၁-၈-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ရေဦးမြို့ ပြည်သူ့ဆေးရုံကြီး လုံခြုံမှုရှိစေရန်နှင့် ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရန်အတွက် ဆေးရုံအရှေ့ဘက်ခြမ်း (၇၇၁)ပေအား အုတ်တံတိုင်းကာရံပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးရဲနောင်၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးဝမြို့နယ်၊ မစိန်ကျေးရွာတိုက်နယ်ဆေးရုံတွင် လိုအပ်နေသော ဝန်ထမ်းများအနက် ဆရာဝန် (၁)ဦးနှင့် သူနာပြု(၃)ဦးကို ဦးစားပေးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ရွှေဘို မြို့နယ်၊ ဘုတ်ကုန်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲအား သင်ကြားရေး အဆင်ပြေချောမွေ့စေရန်အတွက် ဆရာ၊ ဆရာမများ ထပ်မံတိုးချဲ့ တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဝက်လက် မြို့ပေါ်ရှိ အခြေခံပညာစာသင်ကျောင်း (၅)ကျောင်းအတွက် လိုအပ်သော ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများအား ၂၀၂၄ ပညာသင်နှစ်မှစ၍ ၂၀၂၆ ပညာသင်နှစ်အထိ ဒေသလုံခြုံရေးအရ အချိန်မီသယ်ယူ ရောက်ရှိလာခြင်း မရှိသေးသည့်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဒေါ်ဆန်းစစ်ရှီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "လေရှီးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် နေ့စား ဝန်ထမ်း(၇)ဦးအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာခရိုင်၊ ထီးချိုင့်မြို့တွင် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလိုင်းများ ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးမင်းဆွေ၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ချင်းပြည်နယ်သို့ ဆက်သွယ်ထားသော ကလေးမြို့ဘက်ခြမ်း လမ်းပိုင်း (၀/၀ မိုင် မှ စုပေါင်းရုံးအရှေ့ထိ) (၁/၄)မိုင်အား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အောင်မဟာလမ်းမကြီး၊ အမှတ်(၁၈)လမ်းအား နိုင်လွန် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ခန္တီးမြို့၊ ပေါ်မိုင်း ရပ်ကွက်၊ ပိတောက်လမ်း(၆၃၀)ပေ၊ ခိုင်ရွှေဝါလမ်း(၆၀၀)ပေနှင့် မြတ်လေးလမ်း (၇၄၈)ပေအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်း သည့်မေးခွန်း။

၆။ **ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** အစည်းအဝေး စတုတ္ထနေ့ (၁၁-၈-၂၀၂၆)ရက်နေ့တွင် မေးမြန်းခဲ့သော "မော်လိုက်မြို့၊ စွယ်တော်ရပ်ကွက်ရှိ ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများထဲမှ ကျန်ရှိသည့်အပိုင်းများအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့် မေးခွန်းအပေါ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ထပ်မံရှင်းလင်းဖြေကြားခြင်း။

၇။ **ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** အစည်းအဝေး သတ္တမနေ့ (၁၇-၈-၂၀၂၆)ရက်နေ့တွင် မေးမြန်းခဲ့သော "ကျွန်းလှမြို့နယ်၊ ကျွန်းလှ-သဖန်းဆိပ်လမ်းနှင့် ဆက်သွယ်ထားသော ကျေးရွာကျောက်ချောလမ်းကြမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့် မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ထပ်မံရှင်းလင်းဖြေကြားခြင်း။

၈။ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ထားသူက **စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)**ကို လွှတ်တော်သို့ တင်သွင်းခြင်း။

၉။ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ တင်သွင်းသည့် **စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**နှင့်ပတ်သက်၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။